ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

နှင့်

--------------------ကုမ္ပဏီလီမိတက်

တို့၏

မုတ်ကောင်သားဖောက်ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း

သဘောတူစာချုပ်

ခုနှစ်၊ လ ရက်

## မာတိကာ


| အပိုင်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ရည်ရွယ်ချက် | ၁ |
| ၂ | ကိုယ်စားပြုခြင်းနှင့်အာမခံခြင်း | ၁ |
| ၃ | အဓိပ္ပာယ်ဖွင့်ဆိုချက်များ | ၂ |
| ၄ | လုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်နှင့်လုပ်ငန်းများဆောင်ရွက်ခြင်း | ၄ |
| ၅ | လုပ်ငန်းအစီအစဉ် | ၅ |
| ၆ | တိုးတက်ဖွံ့ဖြိုးမှုအဆင့် | ၆ |
| ၇ | ပုလဲမွေးမြူထုတ်လုပ်မှုအဆင့် | ၇ |
| ၈ | အထွေထွေတာဝန်ဝတ္တရားများ | ၇ |
| ၉ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးစီမံချက် | ၉ |
| ၁၀ | ဝတ်ဆံသွင်းခြင်း | ၁၀ |
| ၁၁ | ပုလဲဖော်ယူခြင်း | ၁၀ |
| ၁၂ | ပုလဲများထိန်းသိမ်းခြင်း | ၁၁ |
| ၁၃ | စီမံခန့်ခွဲခြင်း | ၁၁ |
| ၁၄ | စာရင်းဇယားများထိန်းသိမ်းခြင်း | ၁၂ |
| ၁၅ | အဆိုပြုငွေ | ၁၃ |
| ၁၆ | အာမခံထားခြင်း | ၁၃ |
| ၁၇ | အခွန်အကောက်များ | ၁၃ |
| ၁၈ | လျှို့ဝှက်ထိန်းသိမ်းခြင်း | ၁၃ |
| ၁၉ | မလွန်ဆန်နိုင်သောဖြစ်ရပ်များ | ၁၄ |
| ၂၀ | စာချုပ်သက်တမ်းကာလ | ၁၄ |
| ၂၁ | စာချုပ်ရပ်စဲခြင်း | ၁၅ |
| ၂၂ | အငြင်းပွားမှုဖြေရှင်းခြင်း | ၁၅ |
| ၂၃ | ငွေပေးချေခြင်း | ၁၆ |
| ၂၄ | အထွေထွေ | ၁၆ |
| ၂၅ | ဥပဒေစိုးမိုးခြင်း၊ တရားစီရင်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်မှု | ၁၇ |
| ၂၆ | အကျိုးသက်ရောက်မှု | ၁၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့်**

**——————————ကုမ္ပဏီလီမိတက်တို့၏**

**မုတ်ကောင်သားဖောက် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း သဘောတူစာချုပ်**

ဤသဘောတူစာချုပ်ကို-------ခုနှစ်၊-------လ-----ရက်နေ့တွင် နေပြည်တော်၌ ဦး------၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း (နောင်တွင် **"မပလ"** ဟု ခေါ်ဆိုမည်ဖြစ်ပြီး၊ ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်း ခံရသူများပါဝင်သည်) က တစ်ဖက်နှင့် ဦး---------၊ မန်နေဂျင်းဒါရိုက်တာနိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်————— ကိုယ်စားပြုသော—————ကုမ္ပဏီလီမိတက်၊ အမှတ်------၊------လမ်း၊ -------------မြို့နယ်၊----------- ဒေသကြီး(နောင်တွင် **"ကန်ထရိုက်တာ"** ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ၎င်းအားဆက်ခံသူများ၊ တရားဝင်ကိုယ် စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံ ရသူများပါဝင်သည်)ကအခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်များနှင့်အညီ ဤသဘော တူစာချုပ်ကို ချုပ်ဆိုကြပါသည်။

**အပိုင်း(၁)**

**ရည်ရွယ်ချက်**

၁-၁ အောက်ပါအတိုင်း ရည်ရွယ်ချက်ထားရှိပါသည်-

(က) **ကန်ထရိုက်တာ**သည် တနင်္သာရီတိုင်းဒေသကြီး၊----------ခရိုင်၊----------မြို့နယ်၊ ----------- ကျွန်းနှင့် ဆက်စပ်ရေိယာတွင် မုတ်ကောင်သားဖောက် ပုလဲမွေးမြူ ထုတ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံတွင် ပုလဲထုတ်လုပ်ရေးလုပ်ငန်း အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက် လာသည်နှင့် အမျှ ပုလဲမွေးမြူရေးပညာရှင်များ နိုင်ငံတော်အတွက် ပြန်လည် အလုပ်အကျွေးပြုနိုင်ရန်နှင့် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊

**အပိုင်း(၂)**

**ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း**

၂.၁ ဤသဘောတူစာချုပ် ချုပ်ဆိုကြသော စာချုပ်ဝင်တို့သည် ထိုသို့သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် အတွက် တည်ဆဲဥပဒေများအရ လုပ်ပိုင်ခွင့် အခွင့်အာဏာနှင့် စီးပွားရေးအရ ခိုင်မာတောင့်တင်းခြင်း ရှိကြသော အဖွဲ့အစည်း/ပုဂ္ဂိုလ်များ ဖြစ်ကြကြောင်းကို အသီးသီးအာမခံကြသည်။

## အပိုင်း(၃)
## အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤသဘောတူစာချုပ်တွင် အသုံးပြုမည့် စကားရပ်များကို အောက်ပါအတိုင်း အဓိပ္ပာယ်ကောက်ယူရမည်-

| | | |
|---|---|---|
| ၃.၁ | မုတ်ကောင်ပျို ( Virgin Oyster ) | မုတ်ကောင်ပျို ( Virgin Oyster ) ဆိုသည်မှာ တစ်ကြိမ်တစ်ခါမျှ ဝတ်ဆံသွင်းမွေးမြူခြင်းမရှိသေးသည့် မုတ်ကောင်ကို ဆိုသည်။ |
| ၃.၂ | မုတ်ကောင်သားပေါက်မွေးမြူခြင်း (Oyster Breeding) | မုတ်ကောင်သားပေါက်မွေးမြူခြင်း (Oyster Breeding)ဆိုသည်မှာ ဓါတ်ခွဲခန်းမှရရှိသော သားပေါက်မုတ်ကောင်ငယ်များကိုဝတ်ဆံသွင်းမွေးမြူနိုင်ရန်အတွက် ကြီးပြင်းအောင်မွေးမြူထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဆိုသည်။ |
| ၃.၃ | ဝတ်ဆံသွင်းမုတ်ကောင် (Operated Oyster) | ဝတ်ဆံသွင်းမုတ်ကောင် (Operated Oyster) ဆိုသည်မှာ ဝတ်ဆံသွင်း၍ ပုလဲမွေးမြူထားသော မုတ်ကောင်ကိုဆိုသည်။ |
| ၃.၄ | ပုလဲပိုက်မုတ်ကောင် (Effective Oyster) | ပုလဲပိုက်မုတ်ကောင် (Effective Oyster) ဆိုသည်မှာ ဝတ်ဆံသွင်းမုတ်ကောင်များကို ပြန်လည်စစ်ဆေးရာတွင် ပုလဲဖြစ်ထွန်းလျက်ရှိသောဝတ်ဆံမြဲမုတ်ကောင်ကိုဆိုသည်။ |
| ၃.၅ | ဒုတိယအနားပေးမုတ်ကောင် (2nd Recreating Oyster) | ဒုတိယအနားပေးမုတ်ကောင် (2nd Recreating Oyster) ဆိုသည်မှာ ပုလဲဖော်ပြီးဖြစ်စေ၊ ဝတ်ဆံသွင်းမုတ်ကောင်များအား ပြန်လည် စစ်ဆေးရာတွင် ပုလဲပိုက် မအောင်မြင်၍ ဖြစ်စေ၊ ပြန်လည်မွေးမြူထားသော မုတ်ကောင်ကိုဆိုသည်။ |
| ၃.၆ | မုတ်ခွံ (M. O. P Shell) | မုတ်ခွံ (Motherof Pearl Shell) ဆိုသည်မှာ ခွဲသတ်၍ ဖြစ်စေ၊ ရေအောက်တွင် သေ၍ဖြစ်စေ ရရှိသော မုတ်ကောင်၏ အခွံကို ဆိုသည်။ |
| ၃.၇ | ပုလဲ (Pearl) | ပုလဲ (Pearl) ဆိုသည်မှာ မုတ်ကောင်အမျိုးမျိုးမှ ဖြစ်ထွန်းရရှိသည့် သဘာဝပုလဲ သို့မဟုတ် မွေးပုလဲကို ဆိုသည်။ ယင်းစကားရပ်တွင် ခွံဖုံးပုလဲနှင့်မွေးမြူရေးမှ ရရှိသည့် ခွံကပ်ပုလဲလည်းပါဝင်သည်။ |
| ၃.၈ | တိမ်ဖုံးပုလဲ (Blemished Pearl ) | တိမ်ဖုံးပုလဲ (Blemished Pearl )ဆိုသည်မှာ တိမ်ဖုံးခြင်း၊ အရောင်မှိန်ခြင်း၊ မျက်နှာပြင်တွင် အပြစ်အနာများပါသော ပုလဲကိုဆိုသည်။ |
| ၃.၉ | မိုမီ (Momme) | မိုမီ (Momme)ဆိုသည်မှာ ပုလဲများ၏ အလေးချိန်ကို တိုင်းတာရန် မူတည်ကိန်းတစ်ခု (Unit) ဖြစ်ပြီး (၁)မိုမီမှာ(၃.၇၅)ဂရမ်သို့မဟုတ် (၁၈.၇၅) ကာရတ် သို့မဟုတ် (၂၀.၆၂၅)ရတီနှင့် ညီမျှပါသည်။ |
| ၃.၁၀ | လုပ်ငန်းအစီအစဉ် (Work Programme) | လုပ်ငန်းအစီအစဉ် (Work Programme) ဆိုသည်မှာ စာချုပ်အရ လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အကျိုးအကြောင်း ဆီလျော်ပြီး အသေးစိတ်ဖော်ပြထားသည့် ဖော်ပြချက်တစ်ရပ်ကို ဆိုလို |

ပြီး ၎င်းဖော်ပြချက်တွင် အဆိုပြုတင်ပြထားသော လုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျမည့် အသုံးစရိတ် "ဘတ်ဂျက်" စာရင်းထည့်သွင်း ဖော်ပြစေရမည်။

၃.၁၁ ပုလဲမွေးမြူခြင်း ( Pearl Culturing )

ပုလဲမွေးမြူခြင်း ( Pearl Culturing )ဆိုသည်မှာမုတ်ကောင်များကို ခွဲစိတ်ဝတ်ဆံသွင်းခြင်း၊ ဝတ်ဆံသွင်းပြီး မုတ်ကောင်များကို ပင်လယ် ပြင်အတွင်း ချထားမွေးမြူခြင်း၊ ပုလဲဖော်ခြင်း၊ ပုလဲဖော်ပြီးသော မုတ် ကောင်များကို ပြန်လည်ဝတ်ဆံသွင်းမွေးမြူခြင်းကို ဆိုသည်။

၃.၁၂ ပုလဲမွေးမြူရေးစခန်း (Pearl Farm)

ပုလဲမွေးမြူရေးစခန်း(Pearl Farm)ဆိုသည်မှာစာချုပ်ပါ သတ်မှတ် နယ်မြေအတွင်း သားပေါက်မုတ်ကောင်များ၊ အရွယ်ရောက်မုတ်ကောင် များ၊ပုလဲပိုက်မုတ်ကောင်များကိုစနစ်တကျမွေးမြူထားပြီး လုပ်ငန်း သုံးကိရိယာတန်ဆာပလာများ၊ဖောင်များ၊ရေပေါ်မုတ်တန်းများနှင့် ရေပြင်နှင့် ကုန်းမြေပေါ်ရှိ လုပ်ငန်းအထောက်အပံ့နှင့် သက်ဆိုင်သည့် အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် ပစ္စည်းများ၊ အဆောက်အဦ များ၊လှေသင်္ဘောများ၊ စက်ယန္တယားများ၊ အထောက်အကူဖြစ်စေ သောကိရိယာများအပါအဝင်သိပ္ပံနည်းကျပုလဲမွေးမြူရေးလုပ်ငန်း အတွက် တည်ထောင်ထားသည့်စခန်းကိုဆိုသည်။

၃.၁၃ တိုးတက်ဖွံ့ဖြိုးမှုအဆင့် (Development Stage)

တိုးတက်ဖွံ့ဖြိုးမှုအဆင့် (DevelopmentStage ) ဆိုသည်မှာ မုတ်ကောင်သားပေါက်များ မွေးမြူခြင်းနှင့် ပုလဲမွေးမြူရေးစခန်း အတွင်း ပုလဲများ မွေးမြူခြင်းအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခြေအနေမျိုးအထိရှိနိုင်သည် သို့မဟုတ် မရှိနိုင်သည်ဟူ၍ အကဲ ဖြတ်၍ရသည့် ဆောင်ရွက်ထားမှု လုပ်ငန်းကို ဆိုသည်။

၃.၁၄ ပုလဲမွေးမြူထုတ်လုပ်မှုအဆင့် (Pearl CulturingStage)

ပုလဲမွေးမြူထုတ်လုပ်မှုအဆင့် (Pearl Culturing Stage) ဆိုသည်မှာ တိုးတက်ဖွံ့ဖြိုးမှုအဆင့်ပြီးဆုံးသည့်နေ့၏ နောက်တစ်နေ့မှစတင်သော အဆင့်ကို ဆိုသည်။

၃.၁၅ ကုန်ထုတ်လုပ်မှုစတင်ခြင်း (Commencement of Production )

ကုန်ထုတ်လုပ်မှုစတင်ခြင်း (Commencement of Production ) ဆိုသည်မှာ မုတ်ကောင်များကို ပထမဆုံးအကြိမ် ပုံမှန်နည်းလမ်းဖြင့် ခွဲစိတ်ဝတ်ဆံသွင်းရာမှထွက်ရှိလာမည့်ပုလဲများကိုစီးပွားဖြစ်ပုလဲဖော် ယူသည့်နေ့ကိုဆိုသည်။(ဤနေရာတွင် စမ်းသပ်ဝတ်ဆံသွင်းခြင်းနှင့် စမ်းသပ်ပုလဲဖော်ယူခြင်း မပါဝင်ပါ)

၃.၁၆ ပုလဲဖော်ခြင်း (PearlHarvesting)

ပုလဲဖော်ခြင်း ( Pearl Harvesting ) ဆိုသည်မှာ ပုလဲများဖော်ယူသည့် နည်းပညာနှင့်လျော်ညီစွာ ပုလဲပိုက်မုတ်ကောင်များမှ ပုလဲများ ထုတ်ယူခြင်းကို ဆိုသည်။

၃.၁၇ ပတ်ဝန်းကျင်အခြေအနေ (Environment) — ပတ်ဝန်းကျင်အခြေအနေ ( Environment ) ဆိုသည်မှာ မြေ၊ ရေ၊ ပတ်ဝန်းကျင် လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာနှင့် ဇီဝဆိုင်ရာ အကြောင်းတရားဖြစ်သော တိရိစ္ဆာန်များ၊ သစ်ပင်များနှင့် သဘာဝ အလှနှင့်ဆိုင်သော လူမှုရေး အကြောင်းတရားများကို ဆိုသည်။

၃.၁၈ စာချုပ်ဧရိယာ (Contract Area) — စာချုပ်ဧရိယာ(ContractArea)ဆိုသည်မှာ နှစ်ဖက်စာချုပ်ဝင်တို့မှ သဘောတူထားသည့်စာချုပ်တွင် နောက်ဆက်တွဲ(က)ဖြင့် မြေပုံပေါ်တွင် ဖော်ပြထားသောနယ်မြေ(Area) ကို ဆိုသည်။

၃.၁၉ အကျိုးသက်ရောက်သည့်နေ့ (Effective Date) — အကျိုးသက်ရောက်သည့်နေ့ (Effective Date) ဆိုသည်မှာ စာချုပ်ကိုလက်မှတ်ရေးထိုးသည့်နေ့ကိုဆိုသည်။(တစ်နည်းအားဖြင့်စာချုပ်အတည်ဖြစ်သောနေ့ဟုလည်း ခေါ်ဆိုနိုင်သည်)

၃.၂၀ ဘဏ္ဍာရေးနှစ် (Financial Year) — ဘဏ္ဍာရေးနှစ် (Financial Year)ဆိုသည်မှာ ယခုလက်ရှိသုံးစွဲနေသော ပြက္ခဒိန်နှစ်အရ ဧပြီလ(၁)ရက်မှ စပြီးနောက်နှစ်မတ်လ(၃၁)ရက် တွင် ကုန်ဆုံးသော(၁၂)လတာ ကာလကို ဆိုသည်။

၃.၂၁ ဝန်ကြီးဌာန(Ministry) — ဝန်ကြီးဌာန (Ministry) ဆိုသည်မှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကိုဆိုသည်။

၃.၂၂ JMC — **JMC** ဆိုသည်မှာ Joint Management Committee ပူးတွဲအုပ်ချုပ်မှုကော်မတီကို ဆိုသည်။

## အပိုင်း(၄)

## လုပ်ပိုင်ခွင့်ရှိသော လုပ်ကွက်နှင့် လုပ်ငန်းများ ဆောင်ရွက်ခြင်း

၄.၁ ဤသဘောတူစာချုပ်အရ လုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်သည် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ပြင်စဘုကျွန်းတွင်ရှိပြီး ရေပုံညွှန်း၊ မြောက်လတ္တီတွဒ်— °—′——″နှင့်— °—′——″အတွင်း၊ အရှေ့လောင်ဂျီတွဒ် — °—′——″နှင့် — °—′——″အတွင်း ရှိ ပြင်စဘုကျွန်းနှင့် ဆက်စပ်ဧရိယာ စုစုပေါင်းဧရိယာ ——စတုရန်းကီလိုမီတာ(——— ဧက) တွင် ဖော်ပြထားသော နယ်နိမိတ်အတိုင်း ဖြစ်သည်။

၄.၂ **ကန်ထရိုက်တာ**သည် ဤစာချုပ်ပါပြဋ္ဌာန်းချက်များနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်များအရ စာချုပ်ပါနယ်မြေအတွင်း မုတ်ကောင်များ ရှာဖွေဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မုတ်ကောင်များကြီးပြင်းအောင်မွေးမြူခြင်း၊ ပုလဲများမွေးမြူခြင်း၊ ပုလဲဖော်ခြင်း စသည့်လုပ်ငန်းများအား လုပ်ကိုင်နိုင်သည့် တစ်ခုတည်းသော အခွင့်အရေးရရှိစေရမည်။

၄.၃ အထက်ပါ ကိစ္စရပ်များအတွက် ၎င်းအခွင့်အရေးကို လိုအပ်သလို ကျင့်သုံးပြီးစာချုပ်ပါ နယ်မြေအတွင်းရှိ ရေပြင်၊ ရေအောက်အားလုံး၌ ပုလဲမွေးမြူရေးလုပ်ငန်းအလို့ငှာ အသုံးပြုနေထိုင်နိုင်ခွင့်ရှိစေမည်။

၄.၄ အထက်ပါကိစ္စရပ်များအတွက် လိုအပ်သော သင်္ဘောများ၊ စက်ယန္တယားများ၊ စက်ရုံများ၊ ကိရိယာ တန်ဆာပလာများ၊ လုပ်ငန်းသုံးကိရိယာများကို စာချုပ်ပါနယ်မြေအတွင်းသို့ ဝင်ရောက်သယ်ယူနိုင်သည့် အခွင့်အရေး အားလုံးရှိစေရမည်။

၄.၅ ပုလဲမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်မည့် လမ်းတံတား၊ အဆောက်အအုံများ ဆောက်လုပ်ခွင့်ရှိ စေရမည်။

၄.၆ ထို့အပြင် ဖော်ယူပြီး ပုလဲများကို သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ပြီးသော ပုလဲများ အား ဈေးကွက်တွင် ရောင်းချနိုင်ခွင့်များလည်း ရှိစေရမည်။

၄.၇ **ကန်ထရိုက်တာ**သည်စာချုပ်ပါ နယ်မြေအတွင်း၌လိုအပ်သော တယ်လီဖုန်းများ၊ ဂြိုလ်တုသုံး တယ်လီ ဖုန်းများ၊ ဖက်(စ်)များ၊ ကြိုးမဲ့ကြေးနန်းစက်များနှင့် အခြားဆက်သွယ်ရေး ပစ္စည်းများ အားပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏သက်ဆိုင်ရာအာဏာပိုင်များထံမှလိုအပ်သောသဘောတူခွင့်ပြုချက်ဖြင့် အသုံးပြုခွင့်ရှိစေရမည်။

၄.၈ **မပလ** အနေဖြင့် ထိခိုက်နစ်နာမှုခံကြရသည့် တစ်သီးပုဂ္ဂလများ၊ အဖွဲ့အစည်းများ(ရှိလျှင်) ထံမှ လိုအပ်သော လက်ခံသဘောတူညီချက်ကို ရယူပေးပြီး စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ စာချုပ်ဧရိယာ အတွင်း **ကန်ထရိုက်တာ**အား ပိုင်ဆိုင်ခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းနိုင်ခွင့်စသည့် အခွင့်အရေးများ ရရှိအောင် အကူအညီပေးစေရမည့်အပြင် စာချုပ်ပါနယ်မြေအတွင်းသို့ ချဉ်းနင်းရောက်ရှိနိုင်အောင်လည်း အကူအညီပေးစေရမည်။ ထိုကဲ့သို့သော အခွင့်အရေးများ ရရှိစေရန်အတွက် **ကန်ထရိုက်တာ**အနေဖြင့် သင့်တင့်သော နစ်နာကြေးပေးရမည်။

၄.၉ **ကန်ထရိုက်တာ**အနေဖြင့် ပုလဲမွေးမြူရန်အတွက် မလိုအပ်တော့သည့်အခါ အဆိုပါဒေသအား **မပလ** လက်ဝယ်သို့ ပြန်လည်လွှဲအပ်ရမည်။

၄.၁၀ အကယ်၍ အထက်ပါလုပ်ကိုင်ခွင့်ရှိသော လုပ်ကွက်ကို နိုင်ငံတော်အစိုးရ စီမံကိန်းတစ်ခုခုအလို့ငှာ အသုံးပြုရန် လိုအပ်ခဲ့လျှင် အခြားလုပ်ပိုင်ခွင့်ရှိသော လုပ်ကွက်တစ်ခုခုကို အစိုးရက **ကန်ထရိုက်တာ** သို့ အစားထိုးပေးအပ်မည်ဖြစ်ကြောင်း စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့က အသိအမှတ်ပြုပါသည်။ ထိုအခါ **ကန်ထရိုက်တာ** ဖြစ်သူက မိမိလက်ဝယ်ရယူထားသော လုပ်ကွက်ကို အစိုးရက ပြန်လည်လက်ဝယ်ရယူနိုင်ရန် ပြောင်းရွှေ့ဖယ်ရှားပေးရမည်ဖြစ်ပြီး မိမိအား အစားထိုးပေးအပ်သော လုပ်ကွက်ကိုပြောင်းလဲ လက်ခံယူရန် ဖြစ်ပါသည်။

## အပိုင်း(၅)
## လုပ်ငန်းအစီအစဥ်

၅.၁ **ကန်ထရိုက်တာ** အနေနှင့် ၎င်း၏လုပ်ငန်းအတွက် "လုပ်ငန်းအစီအစဥ်"တစ်ခုကို အဆင့်(၂)ဆင့်ဖြင့် ရေးဆွဲရမည်-

(က) တိုးတက်ဖွံ့ဖြိုးမှုအဆင့် (DevelopmentStage)

( ခ ) ပုလဲမွေးမြူထုတ်လုပ်မှုအဆင့် (Pearl Culturing Stage)

၅.၂ တိုးတက်ဖွံ့ဖြိုးမှုအဆင့်၏လုပ်ငန်းအစီအစဥ်အား စာချုပ်အတည်ပြုသည့်နေ့မှစ၍(၄၅)ရက်အတွင်း **မပလ** သို့ ပေးအပ်ရမည်။

၅.၃ မြန်မာနိုင်ငံရှိ ပင်လယ်၊ ရာသီဥတုအခြေအနေ၊ သက်ရှိရေနေသတ္တဝါများ၏ အခြေအနေများကို အလေးအနက်ထည့်သွင်းစဉ်းစားပြီး **ကန်ထရိုက်တာ**သည် ခေတ်မီအသက်မွေးဝမ်းကျောင်းဆိုင်ရာ နားလည်ကျွမ်းကျင်မှုနှင့် အဆင့်မြင့်နည်းပညာရပ်များနှင့်လျော်ညီစွာ လုပ်ငန်းအစီအစဉ် အဆင့်တစ်ဆင့်စီ အားအကောင်အထည် ဖော် ဆောင်ရွက်ရမည်။

၅.၄ လုပ်ငန်း**အစီအစဉ်**အဆင့်ဆင့်အား လာမည့်ဘဏ္ဍာနှစ်အတွင်း **ကန်ထရိုက်တာ** အနေနှင့် ဆောင်ရွက်ရန် အဆိုပြုတင်ပြထားသော လုပ်ငန်းများနှင့် အစီအစဉ်အတွက် ခန့်မှန်းကုန်ကျစရိတ် ဘတ်ဂျက်စာရင်းတစ်ခုကို ထည့်သွင်းဖော်ပြစေရမည်။

၅.၅ **မပလ** အနေနှင့် **ကန်ထရိုက်တာ** မှ ရေးဆွဲတင်ပြလာသည့် တိုးတက်ဖွံ့ဖြိုးမှုအဆင့်၏ လုပ်ငန်းအစီ **အစဉ်အား JMC တွင် ထည့်သွင်း ဆွေးနွေးအတည်ပြုရမည်။**

## အပိုင်း(၆)
## တိုးတက်ဖွံ့ဖြိုးမှုအဆင့်

၆.၁ စာချုပ်အား လက်မှတ်ရေးထိုးပြီးလျှင် **ကန်ထရိုက်တာ** အနေနှင့် တိုးတက်ဖွံ့ဖြိုးမှုအဆင့် စတင်ဆောင်ရွက်နိုင်ရန် နေပြည်တော် သို့မဟုတ် ရန်ကုန်မြို့တွင် ရုံးခွဲတစ်ခု ဖွင့်လှစ်ရမည်။

၆.၂ တိုးတက်ဖွံ့ဖြိုးမှုအဆင့်သည် မှတ်ကောင်သားပေါက်များ စမ်းသပ်မွေးမြူခြင်း၊ သားပေါက်မှတ်ကောင်ပိုမျိုးများမှ လက်တွေ့စမ်းသပ်ဝတ်ဆံသွင်းမွေးမြူခြင်း၊ မြေယာရှင်းလင်းခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်း၊Long Line များ ချထားခြင်း၊ ပင်လယ်ရေ စူးစမ်းလေ့လာသည့် အစီအစဉ်များနှင့် ပုလဲလက်တွေ့ စမ်းသပ်မွေးမြူခြင်းများအတွက် လိုအပ်သော ကိရိယာတန်ဆာပလာများနှင့် ကုန်ကြမ်းများ၊ စက်ယန္တယားများကို ဝယ်ယူခြင်းစသော ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရမည်။

၆.၃ တိုးတက်ဖွံ့ဖြိုးမှုအဆင့်သည် စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ (၂၄)လမြောက်နေ့တွင် ပြီးဆုံးစေရမည်။ တိုးတက်ဖွံ့ဖြိုးမှုအဆင့်၏ ရည်ရွယ်ချက်သည် ပုလဲမွေးမြူထုတ်လုပ်မှုအဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် အတည်ပြုနိုင်ရန်ဖြစ်သည်။ အကယ်၍ ပုလဲမွေးမြူရေးစခန်းဧရိယာသည် မှတ်ကောင်များကြီးထွားရေးနှင့် ပုလဲမွေးမြူရန်သင့်လျော်မှုမရှိကြောင်းတွေ့ရပါက **ကန်ထရိုက်တာ**အား ၎င်းစာချုပ်ပါနယ်မြေမှ စွန့်ခွာခွင့်ပြုစေရမည့်အပြင် တိုးတက်ဖွံ့ဖြိုးမှုအဆင့်ကို ဆောင်ရွက်ရန် နှစ်ဖက်သဘောတူထားကြသည့် အခြားအစားထိုး ရွေးချယ်စရာနေရာတစ်ခုတွင် မူလတိုးတက်ဖွံ့ဖြိုးမှုကာလ အပိုင်းအခြားအတိုင်း အလားတူ ကာလအတွင်း ဆောင်ရွက်ခွင့်ပြုရမည်။

၆.၄ **ကန်ထရိုက်တာ**သည် တိုးတက်ဖွံ့ဖြိုးမှုအဆင့်အတွင်း စုစုပေါင်းမြန်မာကျပ်ငွေသန်း(၁၅၀)ထက်မနည်းသော ငွေသား သို့မဟုတ် ပစ္စည်းအားသုံးစွဲရမည်။

၆.၅ လက်တွေ့စမ်းသပ်မွေးမြူခြင်းရလဒ်များနှင့် အခြားသက်ဆိုင်သည့် အချက်အလက်များအပေါ် အခြေခံပြီး **ကန်ထရိုက်တာ**သည် ပုလဲမွေးမြူထုတ်လုပ်ရန်ဖြစ်နိုင်/မဖြစ်နိုင်ကိုဆုံးဖြတ်ပြီးတိုးတက်ဖွံ့ဖြိုးမှုအဆင့်အစီရင်ခံစာ (DevelopmentReport) ကိုပြုစုပေးရမည်။

၆.၆ တိုးတက်ဖွံ့ဖြိုးမှုအဆင့်ပြီးဆုံးသွားသည့်အခါတွင် အကယ်၍ တိုးတက်ဖွံ့ဖြိုးမှုအဆင့် အစီရင်ခံစာ အရ လုပ်ငန်းဆောင်ရွက်နိုင်ဖွယ်ရာ မရှိသည်ကိုတွေ့ရှိရပါက **ကန်ထရိုက်တာ**သည် မပလသို့ ဤစာချုပ်အား ရပ်စဲခွင့်ပြုရန် စာဖြင့်ကြိုတင်အသိပေးအကြောင်းကြားရမည်။အကယ်၍ တိုးတက်ဖွံ့ဖြိုးမှုအဆင့် အစီရင်ခံစာ အရ လုပ်ငန်းဆောင်ရွက်ရန် သင့်တော်မည်ဆိုပါက **ကန်ထရိုက်တာ**အနေနှင့် ပုလဲမွေးမြူထုတ်လုပ်မှု အဆင့်ကို ဆက်လက်လုပ်ကိုင်ရမည်။

၆.၇ အကယ်၍ **ကန်ထရိုက်တာ** မှ စာချုပ်အား အဆုံးသတ်ရန်ဆုံးဖြတ်ခဲ့လျှင် **ကန်ထရိုက်တာ** မှ ပြန်လည် ယူဆောင်ခွင့်ရှိမည့် ပစ္စည်းအနေနှင့် သင်္ဘောအားလုံး၊ စက်ရုံအလုပ်ရုံ ၊ စက်ယန္တယားများ၊ ကိရိယာတန်ဆာ ပလာများအား ပြန်လည်ယူဆောင်ခွင့်ပြုရမည်။

## အပိုင်း(၇)
## ပုလဲမွေးမြူထုတ်လုပ်မှုအဆင့်

၇.၁ အကယ်၍တိုးတက်ဖွံ့ဖြိုးမှုအဆင့်အစီရင်ခံစာသည် ပြည့်ပြည့်စုံစုံနှင့် မှတ်ကောင်သားဖောက် မွေးမြူခြင်းနှင့်ပုလဲဝတ်ဆံသွင်းမွေးမြူခြင်းအတွက် သင့်လျော်ကြောင်းတင်ပြထားလျှင် **ကန်ထရိုက်တာ** အနေနှင့် ပုလဲမွေးမြူထုတ်လုပ်မှုအဆင့်ကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားရမည်။ ထိုသို့ဆောင်ရွက်လျှင် ပုလဲမွေးမြူထုတ်လုပ်မှုအဆင့်အတွက် လုပ်ငန်းအစီအစဉ်တစ်ရပ်ကိုJMCသို့ တင်ပြရမည်။

၇.၂ **ကန်ထရိုက်တာ**သည် ရေအရင်းအမြစ်များ လေလွင့်မှု သို့မဟုတ် ဆုံးရှုံးမှုများကို ရှောင်ရှားနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက လက်ခံနိုင်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှုစနစ်များဖြင့် ခေတ်မီနည်းပညာ နားလည်ကျွမ်းကျင်မှုနှင့် အဆင့်မြင့် နည်းပညာနှင့် ကိုက်ညီ သော ပုလဲမွေးမြူထုတ်လုပ်မှုအဆင့်အား ဆက်လက်လုပ်ကိုင်ဆောင်ရွက်စေရမည်။

၇.၃ ပုလဲမွေးမြူထုတ်လုပ်မှုအဆင့် သက်တမ်းသည် စာချုပ်အပိုဒ် ၁၈.၂အရ သက်တမ်းတိုးထားခြင်း မရှိလျှင်ပုလဲမွေးမြူထုတ်လုပ်မှုအဆင့်စတင်သည့်နေ့မှ(၁၅)နှစ်ဖြစ်စေရမည်။ပုလဲမွေးမြူထုတ်လုပ်မှုအဆင့် စတင်သည့်နေ့သည် တိုးတက်ဖွံ့ဖြိုးမှုအဆင့် ပြီးဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သည်။

## အပိုင်း(၈)
## အထွေထွေတာဝန်ဝတ္တရားများ

၈.၁ **မပလ**၏တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

၈.၁.၁ **မပလ** သည် **ကန်ထရိုက်တာ**အား တိုးတက်ဖွံ့ဖြိုးမှုအဆင့်နှင့် ပုလဲမွေးမြူထုတ်လုပ်မှုအဆင့်အတွက် ရည်ရွယ်ထားသည့် လုပ်ငန်းများအားလုံးအား အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ပြီးစီးနိုင်စေရန် အပိုင်း(၄)အရ စာချုပ်ပါ ဧရိယာအတွင်းသို့ ဝင်ရောက်ခွင့်ပြုရမည်။

၈.၁.၂ **မပလ** သည် **ကန်ထရိုက်တာ** အား တိုးတက်ဖွံ့ဖြိုးမှုအဆင့်ကို စတင်လုပ်ကိုင်ဆောင်ရွက်သည်မှ သုတေသနပြုရန်အလို့ငှာသဘာဝပင်လယ်ကြမ်းပြင်မှတစ်နှစ်လျှင်သဘာဝမှတ်ကောင်ပျိုအများဆုံး(၅,၀၀၀) ကိုလည်း ရှာဖွေဖမ်းဆီးခွင့်ပြုရမည်။ ယင်းသို့ခွင့်ပြုရာတွင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့် အညီသာ ဖြစ်စေရမည်။

၈.၁.၃ **မပလ** သည် စာချုပ်ကာလအတွင်း အဆိုပြုတင်ပြထားသည့်အတိုင်း မုတ်ကောင်သားပေါက်မွေးရန် နှင့် ပုလဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုအတွက် စာချုပ်ပါဧရိယာအတွင်း၌ နေရာ လုံလောက်စွာမရှိခဲ့ပါကပုလဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် နောက်ထပ်သင့်လျော်မည့်ကျွန်း(ကျွန်းများ) နှင့်ပင်လယ်ရေပြင်များကိုအသုံးပြုခွင့်ရရှိရေးသတ္တုတွင်းဝန်ကြီးဌာနသို့လျှောက်ထားရန်**ကန်ထရိုက်တာ**အား ခွင့်ပြုရမည်။

၈.၁.၄ **မပလ** သည် **ကန်ထရိုက်တာ**မှ လက်ခံနိုင်သော အရည်အချင်းရှိသည့် မြန်မာအမှုထမ်း၊ အရာထမ်း များအား ရှာဖွေပံ့ပိုးပေးခြင်းအားဖြင့် လုပ်ငန်းအစီအစဥ်များ ချောမောစွာဆောင်ရွက်နိုင်ရေး အကူအညီပေး ရမည်။

၈.၁.၅ **မပလ** သည် **ကန်ထရိုက်တာ** က ကျွမ်းကျင်မှု အကူအညီတောင်းခံလာပါက ပညာရှင်နှင့် ကျွမ်းကျင်ဝန်ထမ်းများအား သင့်တော်မည့်အခကြေးငွေဖြင့် ကူညီပေးရမည်။

၈.၁.၆ **မပလ**သည် **ကန်ထရိုက်တာ**မှ ၎င်းထုတ်လုပ်ရရှိသော ပုလဲများကို မြန်မာ့ကျောက်မျက်ရတနာပြပွဲ တွင်ဖြစ်စေ၊ ပြည်တွင်းပုလဲရောင်းချပွဲတွင်ဖြစ်စေ တင်ပြရောင်းချလိုပါက ရောင်းချခွင့်ရရှိရေးအတွက် ကူညီ ဆောင်ရွက်ပေးရမည်။

၈.၁.၇ **မပလ** သည် **ကန်ထရိုက်တာ၏** ထုတ်လုပ်ရရှိသော ပုလဲများအား ပြည်ပသို့တင်ပို့နိုင်ရန် လိုအပ်သော ထောက်ခံချက်များထုတ်ပေးရမည်။

၈.၂ **ကန်ထရိုက်တာ၏** တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

၈.၂.၁ **ကန်ထရိုက်တာ** သည် လုပ်ငန်းအစီအစဥ်အရ ဖွံ့ဖြိုးတိုးတက်မှုအဆင့်နှင့် ပုလဲမွေးမြူထုတ်လုပ်မှု အဆင့် လုပ်ငန်းများအတွက် ၎င်း၏ ကုန်ကျစရိတ်ဖြင့် သုံးစွဲရန် တာဝန်ရှိစေရမည်။

၈.၂.၂ **ကန်ထရိုက်တာ**သည် **မပလ** ထံသို့ပုလဲမွေးမြူရေးနှင့် မုတ်ကောင်များဆိုင်ရာ ပြန်တမ်းကို လစဥ်တင်ပြရမည်။

၈.၂.၃ **JMC** အစည်းအဝေးပြုလုပ်သည့်အခါတိုင်း(၃)လပတ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တင်ပြရမည်။

၈.၂.၄ **ကန်ထရိုက်တာ**သည် ဖော်ပြပါလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းပမာဏအဖြစ် အနည်းဆုံးကျပ်သန်း (၅၀၀၀)ကို ကျခံသုံးစွဲရမည်။ ယင်းငွေလုံးငွေရင်းတစ်ရပ်လုံးကို **ကန်ထရိုက်တာ**မှ ကျခံရမည်။

၈.၂.၅ **ကန်ထရိုက်တာ**သည် စာချုပ်အရ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် သင့်တော်မည့် သင်္ဘောများ၊ စက်ယန္တယားများ ၊ ကိရိယာတန်ဆာပလာများ၊ ကုန်ကြမ်းများ၊ လုပ်ငန်းသုံးကိရိယာတန်ဆာ ပလာများကို ဝယ်ယူအသုံးပြုရမည်။

၈.၂.၆ **ကန်ထရိုက်တာ**သည် သဘောတူခွင့်ပြုထားသည့် လုပ်ငန်းအစီအစဥ်များနှင့်အညီ စာချုပ်ပါ နယ်မြေအတွင်း၌သာ လုပ်ငန်းများဆောင်ရွက်စေရမည်။

၈.၂.၇ **ကန်ထရိုက်တာ**သည် ယေဘူယျအားဖြင့် လက်ခံထားသည့်စာရင်းအင်းဆိုင်ရာ ကျင့်သုံးမှုနှင့်အညီ ပြင်ဆင်ထားသည့် နှစ်စဥ်စာရင်းစစ်အဖွဲ့မှ စစ်ဆေးပြီးသော စာရင်းစစ်အစီရင်ခံစာကို **မပလ** သို့ တင်ပြအစီရင်ခံရမည်။

၈.၂.၈ **ကန်ထရိုက်တာ**သည် သစ်တောဦးစီးဌာနမှ စာဖြင့်သဘောတူ ခွင့်ပြုသည့်အခါမှလွဲ၍ စာချုပ်ပါ ဧရိယာအတွင်းရှိ ကျွန်းများပေါ်ရှိ သစ်ပင်များအား ခုတ်လှဲခြင်းမပြုရ။

၈.၂.၉ **ကန်ထရိုက်တာ** သည် လုပ်ငန်းဝန်နှင့်နိုင်နင်းစွာလုပ်ကိုင်နိုင်မည့် ကျွမ်းကျင်သည့် အလုပ်သမား အရေအတွက်ကို ငှားရမ်းလုပ်ကိုင်စေပြီး ကုန်ထုတ်စွမ်းအားမြင့်မားစေရန် အစွမ်းကုန်ကြိုးစား ဆောင်ရွက် ရမည်။

၈.၂.၁၀**ကန်ထရိုက်တာ**သည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် နိုင်ငံတကာ စံနှုန်းများ၊ တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်တားဆီးရမည်။

၈.၂.၁၁**ကန်ထရိုက်တာ**သည် ပုလဲမွေးမြူရေးစခန်းတွင် နေထိုင်ကြသော အမှုထမ်း၊ အရာထမ်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ အသက်အာမခံ၊ လူမှုဖူလုံရေးနှင့် ၎င်းတို့ပိုင် ပစ္စည်းဥစ္စာများ၏ လုံခြုံရေးကိစ္စရပ်များကိုစီစဉ်ပေးရမည်။

၈.၂.၁၂**ကန်ထရိုက်တာ**သည်မိမိအစီအစဉ်ဖြင့်မှတ်ကောင်သားဖောက်ခြင်းနှင့်မွေးမြူခြင်းကို **ကန်ထရိုက်တာ၏** လုပ်ပိုင်ခွင့် ဧရိယာအတွင်း၌ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

## အပိုင်း(၉)
## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးစီမံချက်

၉.၁ ကန်ထရိုက်တာအနေဖြင့် ပုလဲမွေးမြူသည့်လုပ်ကွက်ဧရိယာနှင့် ပတ်ဝန်းကျင်ဧရိယာများ၏ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တာဝန်ယူရမည်။ လုပ်ငန်းသုံးအဆောက်အဦတည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းသုံးပစ္စည်းများ၊ စက်သုံးဆီများသယ်ယူပို့ဆောင်ခြင်း၊ ရှင်းလင်း ဆောင်ရွက်ခြင်းလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်မှု များ မရှိစေရန် ဆောင်ရွက်ရမည်။

၉.၂ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမရှိစေရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ခြင်း၊ (Environmental and Social Impact Assessment -EIA) ပြုလုပ်ရမည်။

၉.၃ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အကျိုးသက်ရောက်မှုလေ့လာဆန်းစစ်ခြင်း၊ (Environmental and Social Impact Assessment -EIA)အပေါ် အခြေခံ၍ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်မည့်အစီအစဉ်များအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ အစီအမံများ၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည့်တို့ပါဝင် သည့် ပတ်ဝန်းကျင်ဆိုင်ရာ **စီမံခန့်ခွဲမှုအစီအစဉ်**(Environmental Management Plan-EMP) ရေးဆွဲ တင်ပြရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၉.၄ ကန်ထရိုက်တာသည် ပုလဲမွေးမြူထုတ်လုပ်သည့် ကာလတစ်လျှောက်၌ ဒေသခံများနှင့်လူမှု ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို တာဝန်ယူရမည်ဖြစ်ပြီး လူမှုပတ်ဝန်းကျင်ဆိုင်ရာ

လေ့လာဆန်းစစ်ချက် (Social Impact Assessment-SIA) ကိုလေ့လာ၍ လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲထားရှိရမည်။

၉.၅ ကန်ထရိုက်တာသည် တည်ဆဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှအခါအားလျော်စွာထုတ်ပြန်သည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာညွှန်ကြားချက်များကို လေးစားလိုက်နာရမည်။

## အပိုင်း(၁၀)
## ဝတ်ဆံသွင်းခြင်း

၁၀.၁ **ကန်ထရိုက်တာ** သည် မုတ်ကောင်ဝတ်ဆံသွင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

၁၀.၁.၁**နှစ်စဥ် ဘဏ္ဍာရေးနှစ်အစတွင်** တစ်နှစ်လုံးအတွက် ဝတ်ဆံသွင်းစီမံချက်ကို **မပလ** သို့တင်ပြရမည်။

၁၀.၁.၂ ဝတ်ဆံသွင်းလုပ်ငန်း မဆောင်ရွက်မီ(၂)ပတ် ကြိုတင်၍ **မပလ**သို့ စာဖြင့် ကြိုတင် အကြောင်းကြားရမည်။

၁၀.၁.၃ ဝတ်ဆံသွင်းလုပ်ငန်းဆောင်ရွက်ရာတွင် **မပလ** မှတာဝန်ပေးအပ်ထားသော ဌာနကိုယ်စားလှယ်၏ ရှေ့မှောက်တွင် ဆောင်ရွက်ရမည်။

၁၀.၁.၄ နေ့စဥ်ဝတ်ဆံသွင်းလုပ်ငန်းဆောင်ရွက်ချက်ကို **မပလ** သို့နေ့စဥ်တင်ပြရမည်ဖြစ်ပြီးဝတ်ဆံသွင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးချိန်တွင် စာရင်းအချုပ်ကို တင်ပြရမည်။

၁၀.၁.၅ မုတ်ကောင်တစ်ကောင်အား တစ်ကြိမ်ဝတ်ဆံသွင်းခြင်းအတွက် ကျသင့်ငွေကို မြန်မာ့ပုလဲလုပ်ငန်း ဥပဒေနှင့် နည်းဥပဒေများအရ ပေးဆောင်ရမည်။

## အပိုင်း(၁၁)
## ပုလဲဖော်ယူခြင်း

၁၁.၁ **ကန်ထရိုက်တာ** အနေနှင့် ပုလဲဖော်ယူခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

၁၁.၁.၁ ပုလဲဖော်ယူမည့်နေ့မတိုင်မီ (၂)လကြိုတင်၍ ပုလဲဖော်အစီအစဥ်များအား **မပလ** သို့တင်ပြရမည်။

၁၁.၁.၂ ပုလဲဖော်ကြီးကြပ်ရေးအဖွဲ့အဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းအား **မပလ** သို့ ကြိုတင်တင်ပြရမည်။

၁၁.၁.၃ ပုလဲဖော်လုပ်ငန်းနှင့်ပတ်သက်၍ **မပလ** မှ စေလွှတ်သည့် ကိုယ်စားလှယ်သို့မဟုတ် ကြီးကြပ်သူနှင့် အခြားတာဝန်ပေးအပ်သူများ၏ နေထိုင်စားသောက်ရေးအား တာဝန်ယူရမည်။

**ပုလဲများတန်ဖိုးသတ်မှတ်ခြင်း**

၁၁.၂ ပြည်ပသို့တင်ပို့နိုင်ရန်အလို့ငှာ တန်ဖိုးများသတ်မှတ်ရန်ကိစ္စတွင် ထုတ်လုပ်ရရှိလာသည့် ပုလဲများ၏ တန်ဖိုးအား ပုလဲများဖော်ယူသည့်အချိန်တွင် လက်ရှိပေါက်နေသော နိုင်ငံတကာဈေးနှုန်းအပေါ်တွင် အခြေခံပြီး တွက်ချက်ရမည်။ ထိုသို့တွက်ချက်ပြီးသည့်တိုင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖွဲ့စည်းပေးသော ပုလဲတန်ဖိုးဖြတ် အဖွဲ့၏ တန်ဖိုးသတ်မှတ်မှု အတည်ပြုမှုသာ အတည်ဖြစ်သည်။

၁၁.၃ **ကန်ထရိုက်တာ** သည် ၎င်း၏ထုတ်လုပ်ရရှိသောပုလဲများအား လွတ်လပ်စွာရောင်းချနိုင်ခွင့်၊လက်ဝတ်ရတနာများပြုလုပ်ခွင့်၊ ပြည်ပသို့တင်ပို့နိုင်ခွင့်နှင့် သယ်ဆောင်ယူသွားနိုင်ခွင့်စသောအခွင့်အရေးများကို ရရှိစေရမည်။

## အပိုင်း(၁၂)
## ပုလဲများထိန်းသိမ်းခြင်း

၁၂.၁ သေဆုံးသွားသော ရေအောက်မုတ်ကောင်မှသော်လည်းကောင်း၊ ခွဲစိတ်ခန်းမုတ်ကောင်မှသော်လည်းကောင်း ရရှိသည့်ပုလဲများကို မိမိစခန်းတွင် စာရင်းနှင့်တကွ လုံခြုံစွာသိမ်းဆည်းထားရမည်။

## အပိုင်း(၁၃)
## စီမံခန့်ခွဲခြင်း

၁၃.၁ **မပလ** နှင့် **ကန်ထရိုက်တာ** တို့၏ ကိုယ်စားလှယ်များပါဝင်သော JMC တစ်ခုဖွဲ့စည်း၍ လုပ်ငန်းအစီအစဉ်များ၊ စီမံခန့်ခွဲမှုကိစ္စများအပါအဝင် စာချုပ်ပါလုပ်ငန်းအရပ်ရပ်ကို နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမည်။ ဤကော်မတီတွင် အဖွဲ့ဝင်(၅)ဦး ပါဝင်ပြီး **မပလ** မှ (၃)ဦး နှင့် **ကန်ထရိုက်တာ** မှ (၂)ဦး ပါဝင်စေလျက်၊ **မပလ** ကော်မတီဝင် (၁)ဦးသည် ဥက္ကဋ္ဌဖြစ်စေရမည်။ ဥက္ကဋ္ဌမှ ကော်မတီအတွင်းရေးမှူးအား **မပလ** ဝန်ထမ်းများထဲမှ ခန့်ထားရမည်။

၁၃.၂ JMC သည် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင် (၃)လတစ်ကြိမ်တွေ့ဆုံညှိနှိုင်း ဆွေးနွေးရမည်။လိုအပ်ပါက ဥက္ကဋ္ဌသည်ဤကော်မတီအစည်းအဝေးကို အချိန်မရွေးခေါ်ဆိုနိုင်သည်။

၁၃.၃ **ကန်ထရိုက်တာ** သည် နေ့စဉ်လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန်အတွက် စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများလုံလောက်စွာ ခန့်ထားဆောင်ရွက်ရမည်။

**အထွေထွေမန်နေဂျာ**

၁၃.၄ **ကန်ထရိုက်တာ** သည် စာချုပ်ပါအတိုင်း လုပ်ငန်းကိစ္စအဝဝကို တာဝန်ယူလုပ်ကိုင်နိုင်မည့်အထွေထွေမန်နေဂျာတစ်ဦးအား ခန့်အပ်ရမည်။ ၎င်းအထွေထွေမန်နေဂျာသည် လုပ်ငန်းကျွမ်းကျင်ပြီး အလုပ်သမားကောင်းပီသသော စွမ်းရည်ထက်ထက်မြက်မြက်ဖြင့် လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်စေရမည်ဖြစ်ပြီး စာချုပ်အရလုပ်ငန်းနှင့် ပတ်သက်သည့် ခွင့်ပြုချက်များ၊ လိုင်စင်များ၊ စာချုပ်များ သို့မဟုတ် အခြားသဘောတူညီချက်များကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရမည်။

၁၃.၅ အထွေထွေမန်နေဂျာ၌ အောက်ပါဝတ္တရားများနှင့် တာဝန်ယူမှုများရှိစေရမည်-

(က) တစ်နေ့တာအလိုက်လုပ်ငန်းများ စီမံကွပ်ကဲနိုင်ရန် အာဏာအပြည့်အဝရှိရမည်၊

( ခ ) ပုလဲမွေးမြူရေးစခန်းတွင် ဒေသခံအလုပ်သမားများခန့်ထားခြင်းနှင့် အလုပ်မှရပ်စဲခြင်း အခွင့်အာဏာများအား ပေးအပ်ထားရမည်။

**အမှုထမ်းများနှင့် အမှုထမ်းမဟုတ်သူများ ခန့်ထားခြင်း**

၁၃.၆**ကန်ထရိုက်တာ**သည်မည်သည့်အလုပ်သမားဝန်ထမ်းကိုမဆိုသင့်လျော်မှုမရှိသည်ကိုတွေ့ရှိပါကအလုပ်မှထုတ်ပယ်ပစ်ရန် သို့မဟုတ် ရပ်ဆိုင်းရန် အခွင့်အရေးရရှိစေရမည်။ ဤကဲ့သို့သော အခွင့်အရေးများအား ဆောင်ရွက်မည်ဆိုပါက တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၁၃.၇ အလုပ်သမားများအား အလုပ်ခန့်ထားခြင်း၊ အလုပ်ရပ်စဲခြင်းပြုရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ အလုပ်သမားဥပဒေများနှင့် နည်းဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရမည်။

၁၃.၈ **ကန်ထရိုက်တာ** သည် အလုပ်သမားများအတွက် ဆေးဝါးကုသရေးဆိုင်ရာ ကုန်ကျစရိတ်များအား ကျခံရမည်။

**ဌာနဆိုင်ရာကိုယ်စားလှယ်**

၁၃.၉ **မပလ**သည် စာချုပ်သက်တမ်းကာလအတွင်း ပုလဲမွေးမြူရေးစခန်း၌ **မပလ ၏** ကိုယ်စားလှယ်နှစ်ဦးအား နေရာချထားနိုင်ရန်အတွက် **ကန်ထရိုက်တာ**ထံသို့ စာဖြင့် ကြိုတင်အကြောင်းကြားရမည်။ ၎င်းကိုယ်စားလှယ်အား သင့်လျော်သည့် သယ်ယူပို့ဆောင်ရေးအစီအစဉ်များ နေရာထိုင်ခင်းနှင့် လစဉ်ထောက်ပံ့ကြေးအား မြန်မာကျပ်ငွေဖြင့်ပေးရမည်။

၁၃.၁၀ ပုလဲမွေးမြူရေးစခန်းတွင် နေရာချထားသည့် **မပလ**ကိုယ်စားလှယ်သည် နေ့စဉ်ပုလဲမွေးမြူရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပုလဲဖော်ယူသည့်အချိန်တွင် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပုလဲထုတ်လုပ်မှုများကို မှတ်တမ်းတင်ရမည်ဖြစ်ပြီး၊ လစဉ် **မပလ** သို့ အစီရင်ခံတင်ပြရမည်။

၁၃.၁၁ **မပလ** ရုံးချုပ်မှ ခန့်အပ်စေလွှတ်ထားသည့် ကိုယ်စားလှယ်သည် ပုလဲမွေးမြူရေးလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးရမည်။ ထိုသို့စောင့်ကြည့်စစ်ဆေးနိုင်ရန် **ကန်ထရိုက်တာ** မှ ခွင့်ပြုရမည်။

၁၃.၁၂ **ကန်ထရိုက်တာ** သည် ပုံမှန်ရုံးချိန်အတွင်း ၎င်း၏ လုပ်ငန်းများနှင့်သက်ဆိုင်သည့် နည်းပညာနှင့်ထုတ်လုပ်မှုမှတ်တမ်းများကို အဆိုပါကိုယ်စားလှယ်မှ ကြည့်ရှုစစ်ဆေးနိုင်စေရန် လိုအပ်သော အကူအညီများပေးရမည်။ အဆိုပါကိုယ်စားလှယ်မှ တောင်းခံလာပါက သတင်းအချက်အလက်နှင့်ပတ်သက်သည့် မိတ္တူ(၁)စောင်အား ထိုကိုယ်စားလှယ်အား ဖြည့်ဆည်းပေးစေရမည်။ ၎င်းကိုယ်စားလှယ်သည် **ကန်ထရိုက်တာ ၏** ပုံမှန်ဆောင်ရွက်နေသည့် လုပ်ငန်းများအား ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်စေရ။

## အပိုင်း(၁၄)
## စာရင်းဇယားများ ထိန်းသိမ်းခြင်း

၁၄.၁ ဖက်စပ်လုပ်ငန်းသုံးပစ္စည်းစာရင်းများနှင့် ငွေကြေးဆိုင်ရာ စာရင်းများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စာရင်းစစ်ဆေးမှုခံနိုင်ရေးအတွက် စနစ်တကျ ထားရှိရမည်။

၁၄.၂ ဤစာချုပ်အရ **ကန်ထရိုက်တာ** သည် လုပ်ငန်း၏ဘဏ်စာရင်းရှင်းတမ်း (BankStatement)အား (၃)လတစ်ကြိမ် ပြုစုပေးရမည့်အပြင် စာရင်းအားလုံးသည် နှစ်စဉ်တစ်ကြိမ်စာရင်းစစ်ဆေးခြင်းခံရမည်။

၁၄.၃ ဤစာချုပ်အရ **ကန်ထရိုက်တာ** ၏ လုပ်ငန်းများအား စစ်ဆေးမည့်စာရင်းစစ်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ခွင့်ပြုထားသော အရည်အချင်းပြည့်မီသည့် ပြည်သူ့စာရင်းကိုင် (Certified Public Accountant)များ ဖြစ်ရမည်။

## အပိုင်း(၁၅)
## အဆိုပြုငွေ
## (Application Fee)

၁၅.၁ **ကန်ထရိုက်တာ** သည် စာချုပ်လက်မှတ်ရေးထိုးသည့်နေ့တွင် အဆိုပြုငွေအဖြစ် ကျပ် ၁၀,၀၀၀,၀၀၀ **(ကျပ်တစ်ဆယ်သန်းတိတိ)**အား မပလသို့ပေးသွင်းရမည်။

**အာမခံစပေါ်ငွေ (Security Deposit)**

၁၅.၂ **ကန်ထရိုက်တာ** သည် စာချုပ်လက်မှတ်ရေးထိုးပြီးနောက် ရက်(၃၀)အတွင်း အာမခံစပေါ်ငွေအဖြစ် ကျပ် ၂,၀၀၀,၀၀၀(ကျပ် သိန်းနှစ်ဆယ် တိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ **မပလ** ၏ ဘဏ်စာရင်းအမှတ် ———— သို့ ပေးသွင်းထားရှိရမည်။ အာမခံစပေါ်ငွေသည် ဘဏ်တွင်ထားရှိသည့်နေ့မှ (၃)နှစ် သို့မဟုတ် **ကန်ထရိုက်တာ** မှ ရင်းနှီးမြှုပ်နှံမှုပမာဏကျပ် ၅၀၀၀,၀၀၀,၀၀၀ (ကျပ်သန်းငါးထောင် တိတိ)ထက်မနည်း သုံးစွဲပြီးပါက စောသည့်ကာလအတွင်း **မပလ** မှ **ကန်ထရိုက်တာ** သို့ အာမခံစပေါ်ငွေအား ပြန်လည်ထုတ်ပေးရမည်။ အာမခံစပေါ်ငွေ ထားရှိသောကာလအတွင်း ဤစာချုပ်ပါ သဘောတူညီချက်များ အတိုင်း ဆောင်ရွက်ရန် **ကန်ထရိုက်တာ**မှ ပျက်ကွက်ခဲ့လျှင် အပိုင်း(၂၁)ပါ စာချုပ်ရပ်စဲခွင့်ကို မထိခိုက်စေဘဲ **မပလ**မှ အာမခံစပေါ်ငွေ၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် အားလုံးကို သိမ်းယူနိုင်သည်။

## အပိုင်း(၁၆)
## အာမခံထားခြင်း

၁၆.၁ **ကန်ထရိုက်တာ** သည်မြန်မာ့အာမခံလုပ်ငန်းဥပဒေနှင့်အညီ စက်ယန္တယားများ၊ မီးနှင့် သူတပါး ထိခိုက်မှုအာမခံများကိုမဖြစ်မနေထားရှိရမည်။ ကျန်အာမခံအမျိုးအစားများကိုမူ **ကန်ထရိုက်တာ ၏** ဆန္ဒသဘော အတိုင်းဖြစ်စေရမည်။

## အပိုင်း(၁၇)
## အခွန်အကောက်များ

၁၇.၁ **ကန်ထရိုက်တာ** သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ၊ စည်းမျဉ်းများ၊ နည်းဥပဒေများနှင့်အညီ အခွန်များအားပေးဆောင်ရမည်။
၁၇.၂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံပြင်ပရှိ**ကန်ထရိုက်တာ** မှပေးဆောင်ရမည့် အခွန်အခများနှင့် အကောက် အခွန်အားလုံးကို **ကန်ထရိုက်တာ**မှ ကျခံစေရမည်။

## အပိုင်း(၁၈)
## လျှို့ဝှက်ထိန်းသိမ်းခြင်း

၁၈.၁ ဤစာချုပ်အရ လုပ်ငန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များ အားလုံးအား လျှို့ဝှက်စွာ ထားရှိစေရမည့်အပြင် လူတိုင်းသိရှိနေသည့် သတင်းအချက်အလက်များနှင့် ဘဏ္ဍာရေး အဖွဲ့အစည်းများသို့

ထုတ်ဖော်ပြောဆိုရန် လိုအပ်သော သတင်းအချက်အလက်များမှ လွဲ၍ အခြားမသက်ဆိုင်သည့် အဖွဲ့အား ထုတ်ပေးခြင်းမပြုစေရ။

## အပိုင်း(၁၉)
## မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၉.၁ မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝဘေးအန္တရာယ်၊ ရေကြောင်းဘေးအန္တရာယ်၊လေဘေး၊ မီးဘေး၊မြေလျှင်ဘေး၊ မြေပြိုမှု၊ မုန်တိုင်း၊ မိုးကြိုးပစ်မှု၊ ရေကြီးမှု၊ ရေလွှမ်းမိုးမှု၊ ပေါက်ကွဲမှု စသည်များအပြင် နိုင်ငံတော်အစိုးရ၏ကန့်သတ်တားမြစ်ချက်များ၊တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း၊ အလုပ်သမားများ၏ နှောင့်ယှက်မှုများ၊ ပြည်သူ့ရန်သူအန္တရာယ်စစ်၊ ပိတ်ဆို့မှုဆူပူမှု၊ ကူးစက်တတ်သောရောဂါ စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပါသည်။ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်ဆုံးရှုံးစေလျှင် **ကန်ထရိုက်တာ** သည် **မပလ** သို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခွင့်မရှိစေရ။

၁၉.၂ ထိုသို့ မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက် အတွင်း **ကန်ထရိုက်တာ** သည် **မပလ** သို့ ချက်ချင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ **မပလ** က လက်ခံလျှင်မလွန်ဆန်နိုင်သောဖြစ်ရပ်မြောက်ပြီး သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက် ရယူထားရမည်။

## အပိုင်း(၂၀)
## စာချုပ်သက်တမ်းကာလ

၂၀.၁ ယခုမှစ၍ နောင်ကို အပိုဒ် ၂၀.၁၊ ၂၀.၂ နှင့် ၂၀.၃ တွင်ပြဋ္ဌာန်းထားသည့်အတိုင်းနှင့် အပိုင်း(၁၉)အရ ပိုမို ဆောလျင်စွာ အဆုံးသတ်ခြင်းမရှိခဲ့လျှင် ဤစာချုပ်၏ သက်တမ်းအား စာချုပ်အတည်ပြုသည့်နေ့တွင် စတင်စေပြီး တိုးတက်ဖွံ့ဖြိုးမှုအဆင့်မပါ ရှေ့သို့ (၁၅)နှစ် သက်တမ်းဖြစ်စေရမည်။ ယင်းကာလတွင် (၁၅)နှစ်မြောက်နှစ်၌ဝတ်ဆံသွင်းသည့်မှတ်ကောင်များအားပုလဲဖော်ယူရန် စောင့်ဆိုင်းသည့်ကာလ (၂)နှစ် မပါဝင်ပါ။

၂၀.၂ **ကန်ထရိုက်တာ** မှ စာချုပ်သက်တမ်းတိုးလိုပါက (၁၅)နှစ်ပြည့်ရန် (၁)နှစ်အလို၌ **မပလ** သို့ စာဖြင့် လျှောက်ထား၍ နောက်ထပ် စာချုပ်သက်တမ်းတိုးမြှင့်နိုင်သည်။ စာချုပ်သက်တမ်းတိုးမြှင့်ခြင်းမှာ ဝန်ကြီးဌာန၏ အတည်ပြုချက် ရရှိမှသာ အတည်ဖြစ်သည်။

၂၀.၃ **ကန်ထရိုက်တာ** သည် စာချုပ်သက်တမ်းကာလ (၁၅)နှစ်ပြည့်ပြီးသည့်နေ့တွင် သက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက သို့မဟုတ် လုပ်ကိုင်ခွင့်မရရှိပါက နောက်ထပ်(၂)နှစ်အထိ ဝတ်ဆံသွင်းပြီးမှတ်ကောင်များအား ပြုစုစောင့်ရှောက်ခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့် ပုလဲဖော်ခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ သို့ရာတွင် မှတ်ကောင်ထပ်မံဖမ်းဆီးခြင်း၊ မွေးမြူခြင်း၊ ဝတ်ဆံသွင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။

## အပိုင်း(၂၁)

## စာချုပ်ရုပ်သိမ်းခြင်း

၂၁.၁ **မပလ** သို့မဟုတ် **ကန်ထရိုက်တာ** သည် အောက်ဖော်ပြပါ အကြောင်းအရာများအား စာဖြင့်ရေး၍ အသိပေးခြင်းဖြင့် ဤစာချုပ်အား ရုပ်သိမ်းနိုင်သည်-

(က) စာချုပ်ဝင်တစ်ဖက်ဖက်မှ စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်ခဲ့ပြီး ၎င်းစည်းကမ်းဖောက်ခဲ့မှုအား ပြန်လည်ကောင်းမွန်အောင် ပြုပြင်မည်ဆိုလျှင် ပြုပြင်နိုင်ဖွယ်ရှိသော်လည်း စာချုပ်မဖောက်ဖျက်သည့်ဖက်မှ ဤကဲ့သို့ စည်းကမ်းချိုးဖောက်ခဲ့မှု အသေးစိတ်အား စာဖြင့်ရေးသားသတိပေးပြီးနောက်ပိုင်း ရက်ပေါင်း(၉၀)ကြာသည့်တိုင်အောင် ဆက်လက်ကောင်းမွန်အောင် ပြုပြင်မှုမရှိခြင်း၊

(ခ) မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုသည် (၁)နှစ်တာကာလအထိ ဆက်လက်တည်ရှိနေခြင်း၊

(ဂ) စာချုပ်ပါစည်းကမ်းချက်အရ သက်တမ်းကုန်ဆုံးခြင်း၊

(ဃ) စာချုပ်ချုပ်ဆိုပြီး (၁၂)လအတွင်း လုပ်ငန်းဆောင်ရွက်မှုမရှိခြင်း။

၂၁.၂ **ကန်ထရိုက်တာ** သည် **မပလ** သို့ အောက်ဖော်ပြပါ အချက်များအား စာဖြင့်တင်ပြ၍ ဤစာချုပ်အား ရုပ်သိမ်းနိုင်သည်-

(က) တိုးတက်ဖွံ့ဖြိုးမှုအဆင့်သည် ပုလဲမွေးမြူရေးအဆင့်သို့ ဆက်လက်ကူးပြောင်းရန် မသင့်လျော်ကြောင်း ခိုင်မာစွာ ဆုံးဖြတ်နိုင်ခြင်း၊

(ခ) **ကန်ထရိုက်တာ**သည်ဤစာချုပ်အရ ရည်ရွယ်ထားသည့်လုပ်ငန်းများနှင့်ပတ်သက်ပြီးကြီးမားသော ဆုံးရှုံးမှုများကို ဆက်လက်ခံနေရခြင်း၊

(ဂ) **ကန်ထရိုက်တာ** သည် ကုန်ထုတ်လုပ်မှုစတင်၍ (၄)နှစ်ပြည့်မြောက်ပြီးနောက် ဘဏ္ဍာရေးနှစ် (၂)နှစ်ဆက်တိုက် လုပ်ငန်းနှင့်ပတ်သက်ပြီး အရှုံးများ ဆက်လက်ကျခံနေရခြင်း။

၂၁.၃ နှစ်ဦးနှစ်ဖက် သဘောတူညီလျှင် သတ္တုတွင်းဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် ဤစာချုပ်ကို ရုပ်သိမ်းနိုင်သည်။

၂၁.၄ **ကန်ထရိုက်တာ** မှ စာချုပ်ပါစည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်၍ အထက်အပိုဒ် ၂၁.၁ (က) နှင့် (ဃ) အရစာချုပ်ကိုရုပ်သိမ်းပါက **ကန်ထရိုက်တာ**၏လုပ်ပိုင်ခွင့်အားလုံးကိုရုပ်သိမ်းပြီး လုပ်ငန်းသုံးပစ္စည်းများ အားလုံး၊ လက်ကျန်မုတ်ကောင်များအားလုံး၊ ဘဏ်အာမခံငွေနှင့်ပစ္စည်းများကို **မပလ** က သိမ်းယူနိုင်သည်။

၂၁.၅ ဤစာချုပ်အား ရုပ်သိမ်းရာတွင် ရုပ်သိမ်းသည့်နေ့ရက်မတိုင်မီ ရရန်ရှိသည့် တာဝန်ဝတ္တရားများ၊ ပေးဆပ်စရာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား **ကန်ထရိုက်တာ** မှ တာဝန်ယူဖြေရှင်းရမည်။

## အပိုင်း(၂၂)

## အငြင်းပွားမှုဖြေရှင်းခြင်း

၂၂.၁ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅ ဖြင့် ပြဋ္ဌာန်းသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေနှင့်အညီဖြေရှင်း

ဆောင်ရွက်ရမည်။ အနည်းဆုံးတစ်ကြိမ်ဖြတ်မည့်နေရာသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော် ဖြစ်စေရမည်။ အမှုအတွက်ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံစေရမည်။

### အပိုင်း(၂၃)
### ငွေပေးချေခြင်း

၂၃.၁ အဆိုပြုငွေမှတစ်ပါး စာချုပ်အရ နှစ်ဦးနှစ်ဖက် အပြန်အလှန် ပေးရန်ရှိသော ငွေများကိုပေးချေရန် ကျရောက်သည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ပေးချေရမည်။

### အပိုင်း(၂၄)
### အထွေထွေ
### နောက်ဆက်တွဲများ

၂၄.၁ ဤစာချုပ်၏ နောက်ဆက်တွဲများသည် ဤစာချုပ်၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်ရမည်။

**ဆက်သွယ်ရေးစနစ်များ**

၂၄.၂ ဆက်သွယ်ရေးစနစ်များကိုFacsimile သို့မဟုတ် E-mail အပြင် RegisteredAirmail ဖြင့်လည်းကောင်း ရုံးစာများကို စာအိတ်အတွင်းထည့်၍ တံဆိပ်ခေါင်းကပ်ပြီး စာတိုက်မှ ပေးပို့ခြင်းဖြင့်လည်းကောင်း ကျသင့်သည့် အဖိုးအခများကို အပြည့်အဝပေးဆောင်ပြီး အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်-

(က) မပလ သို့ ပို့မည်ဆိုလျှင်
ဦး————၊ ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
Phone: ၀၆၇- ၄၁၄၀၈၇
Fax: ၀၆၇- ၄၁၄၂၁၉၊ ၄၁၄၂၂၃
E-mail-mpe.myr@mptmail.net.mm

( ခ ) ——————ကုမ္ပဏီလီမိတက်သို့ ပို့မည်ဆိုလျှင်
ဦး————၊ မန်နေဂျင်းဒါရိုက်တာ
————ကုမ္ပဏီလီမိတက်
အမှတ်——၊ ——လမ်း၊ ——မြို့နယ်၊ ——တိုင်းဒေသကြီး။
Phone:
Fax:
E-mail-

**စာချုပ်အားပြင်ဆင်ဖြည့်စွက်ခြင်း**

၂၄.၃ ဤစာချုပ်အား နှစ်ဖက်သဘောတူညီမှုမပါရှိပဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝမပြုလုပ်ရ၊ စာချုပ်ပြင်ဆင်ဖြည့်စွက်ခြင်းမှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။

**စာချုပ်အား ပြန်လည်ညှိနှိုင်းခြင်း**

၂၄.၄ စာချုပ်သက်တမ်းအတွင်း၌ **ကန်ထရိုက်တာ** နှင့် **မပလ**တို့ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ခုခုပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ အတည်ပြုချက် ရယူကာ ဤစာချုပ်ကို ပြင်ဆင်ဖြည့်စွက်နိုင်သည်၊ သို့သော်စာချုပ်၏ မူလရည်ရွယ်ချက်အား ပျက်ပြယ်ခြင်း မရှိစေရ။

## အပိုင်း(၂၅)
## ဥပဒေစိုးမိုးခြင်း၊ တရားစီရင်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်မှု

၂၅.၁ နှစ်ဦးနှစ်ဖက်သည် ဤစာချုပ်မှ ပေါ်ပေါက်လာသော ၎င်းတို့၏ တာဝန်ဝတ္တရားများအားပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေများ၊ စည်းမျဉ်းများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် လျော်ညီစွာ ဆောင်ရွက်စေရမည်၊

## အပိုင်း(၂၆)
## အကျိုးသက်ရောက်မှု

၂၆.၁ ဤစာချုပ်သည် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်၊စာချုပ်ဝင်များသည် စာချုပ်ပါ စည်းကမ်းချက်များကို ကောင်းစွာသိရှိနားလည် သဘောပေါက်ကြ၍ဤစာချုပ်အား ——— ခုနှစ်၊ ————လ————ရက်နေ့တွင် အောက်ပါအသိသက်သေများ ရှေ့မှောက်၌နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်-

| **မပလ ကိုယ်စား** | | **ကန်ထရိုက်တာ ကိုယ်စား** | |
|---|---|---|---|
| လက်မှတ် | | လက်မှတ် | |
| အမည် | ဦး—————— | အမည် | ဦး——————— |
| ရာထူး | ဦးဆောင်ညွှန်ကြားရေးမှူး | ရာထူး | မန်နေဂျင်းဒါရိုက်တာ |
| ဌာန | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | ဌာန | ———————ကုမ္ပဏီလီမိတက် |

အသိသက်သေ
(၁)

ဦး-----------
အထွေထွေမန်နေဂျာ
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အသိသက်သေ
(၁)

ဦး-----------
မန်နေဂျင်းဒါရိုက်တာ
-----------------------ကုမ္ပဏီလီမိတက်

အသိသက်သေ
(၂)

ဦး---------------
ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အသိသက်သေ
(၂)

ဦး---------------
မန်နေဂျာ
--------------------ကုမ္ပဏီလီမိတက်

**<u>လုပ်ကိုင်ခွင့်ပြုသည့်လုပ်ကွက်၏ နယ်နမိတ်ရေပုံအညွှန်းများ</u>**

ဤစာချုပ် အပိုဒ်(၄-၁)အရ ကန်ထရိုက်တာအားလုပ်ကိုင်ခွင့်ပြုသည့် လုပ်ကွက်သည် အောက်တွင် ဖော်ပြထားသည့် ရေပုံအညွှန်းများအတိုင်းဖြစ်သည်-

တည်နေရာ- ပြည်ထောင်စုသမ္မတနိုင်ငံတော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ------------မြို့နယ်၊ -----ကျွန်း

# မြေပုံ